## ဇေယျာလင်း၏ မှတ်ချက်

(ကို)အောင်ခင်မြင့်ရဲ့"နိုင်ငံတော်သီချင်း" မှာ ကိုယ်ရေးကိုယ်တာဘဝ private life နဲ့ အများပြည်သူနဲ့ဆိုင်တဲ့ဘဝ public life တို့ရဲ့ အပြန်အလှန်ဆက်ဆံမှု interplay ကိုတွေ့ရှိရပါတယ် ။ ဒီဆက်ဆံရေးကို တင်ပြပုံဟာလည်း အပြင်လောကမှာ တကယ်ဖြစ်နေသလို ရေးကြီးခွင်ကျယ်မဟုတ်တဲ့ သာမန်အနေအထားလိုမျိုး casual ပုံစံနဲ့ တင်ပြထားတာတွေ့ရတယ် ။ အခြားကဗျာဆရာတွေဆိုရင် " နိုင်ငံတော်သီချင်း " တစ်ပုဒ်ထဲက motif အကြောင်းအရာတစ်ခုကိုပဲ တစ်ပုဒ်လုံးဇာတ်နာအောင် dramatize လုပ်လိုက်မယ့်ဖြစ်ခြင်း ။ အသေအကြေခံစားပြလိုက်မယ့်ဖြစ်ခြင်း ။ ဘာသာစကားဟာ ပြင်ပအရာတွေနဲ့ ထပ်တူမကျဘူးဆိုတာ မသိလေဘိခြင်း ။